ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ်  ၉၁ / ၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာလက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှ အခွန်အခများကောက်ခံခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်း အပိုဒ် ၄၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ အပိုဒ်ခွဲ (ဈ) တွင် **"ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း"** ဟု လည်းကောင်း၊ ဇယား ၅၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့်အခွန်အခများ အပိုဒ် ၁၁ တွင် **"ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာအခွန်အခများ"** ဟု လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၅၄၊ ပုဒ်မခွဲ (က)တွင် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဇယား ၅ ပါအခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းရမည်"** ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင် ကျောက်မျက်ရတနာလုပ်ငန်းများမှ ကောက်ခံမည့် အခွန်အခများနှင့်စပ်လျဉ်း၍ **ရတနာခွန်** ကို ယင်းဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)အရ တန်ဖိုးဖြတ် အဖွဲ့ကသတ်မှတ်သော တန်ဖိုးအပေါ်အခြေပြု၍ သတ်မှတ်ရာခိုင်နှုန်းအတိုင်း မြန်မာငွေဖြင့် ပေးဆောင်ရန် ဟု လည်းကောင်း၊ **လုပ်ကွက်အဆိုပြုငွေ** ကို ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ)၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ထားသော ဈေးနှုန်းကို လျှောက်ထားသူက သတ်မှတ်ကာလအတွင်းပေးသွင်းလျှင်ခွင့်ပြုမိန့်ထုတ်ပေးရန် ဟု လည်းကောင်း၊ **ဝန်ဆောင်ခ** ကို ပုဒ်မ ၂၈ အရ ကျောက်မျက်ရတနာအရိုင်းဖြစ်ပါက အမှန်တကယ် ရောင်းချသည့် တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ပေးဆောင်ရန်နှင့် ပုဒ်မ ၂၉ အရ ကျောက်မျက်ရတနာ အချောထည်၊

လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်ထားသော ပစ္စည်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ တစ်ရာခိုင်နှုန်းကိုပေးဆောင်ရန် ဟု လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာလက်လုပ်လက်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှ ရရှိသည့် အခွန်အခများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သတ္တုတွင်းဦးစီးဌာန (ရုံးခွဲ)သို့ ပေးဆောင်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းရမည်။

(ပုံ) အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဖ ခွဲ(၂) ၁၈/သတ္တု ( ၁၁၄၃၅ )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
သတ္တုတွင်းဦးစီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အမှတ်(၁)သတ္တုတွင်းလုပ်ငန်း
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ |

အမိန့်အရ

မင်းမင်းဦး
အမြဲတမ်းအတွင်းဝန်